# ဌာနေတိုင်းရင်းသားများ၏ နယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာအခွင့်အရေးမူဝါဒ

**(POLICY ON THE RIGHTS TO TERRITORIAL GOVERNANCE OF INDIGENOUS PEOPLES)**

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသားများမဟာမိတ်အဖွဲ့ (ABIPA) မှ ရေးသားပြုစုသည်။ (မြန်မာနိုင်ငံတွင်း ဖက်ဒရယ်ဒီမိုကရက်တစ် အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒနှင့် ပတ်သက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆွေးနွေးပွဲဖိုရမ်များအားလုံးတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်သည်)**

**December 2022**

## မာတိကာ


နောက်ခံအခြေနေ (BACKGROUND)....2

အပိုင်း (၁) မူဝါဒဆိုင်ရာ အကျုံးဝင်မှု (PART 1: POLICY APPLICATION)....6

အပိုင်း (၂) မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ (PART 2: VISION & OBJECTIVES)....6

အပိုင်း (၃) အခြေခံမူများ (PART 3: PRINCIPLES)....12

အပိုင်း (၄) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆက်နွယ်မှု (PART 4: RELATION TO CONSTITUTION)....15

အပိုင်း (၅) မြန်မာနိုင်ငံ၏ အနာဂတ်ကာလဖက်ဒရယ်စနစ်နှင့်ဆက်နွယ်မှု (PART 5: RELATION TO FUTURE FEDERAL SYSTEM IN MYANMAR)....16

အပိုင်း (၆) အခြေခံမူများနှင့် ကြားကာလမြေယာမူဝါဒများကြား ဆက်နွယ်မှု (PART 6: RELATION OF PRINCIPLES TO INTERIM LAND POLICIES)....19

PART 7: လုပ်ထုံးလုပ်နည်းများနှင့် ကျင့်ထုံးစနစ်များ (PROCEDURES AND PROTOCOLS)....20

## နောက်ခံအခြေနေ (Background)

ဗမာ/မြန်မာပြည်ဟု ယနေ့ခေတ် အသိမှတ်ပြုလက်ခံထားသည့်နိုင်ငံတွင် ဓလေ့ထုံးတမ်း စီမံအုပ်ချုပ်မှုစနစ်များ၊ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်စနစ်များသည် ရှေးပဝေသဏီကတည်းကပင် ကျင့်သုံးတည်ရှိခဲ့သည်။ အဆိုပါစနစ်များဖြင့် ဌာနေတိုင်းရင်းသားလူမျိုးစုများနှင့် ရပ်ရွာလူမှု အသိုက်အဝန်းများတို့သည် ၎င်းတို့၏ပိုင်နက်နယ်မြေများအတွင်း ၎င်းတို့၏ ကိုယ်ပိုင် စီမံခန့်ခွဲရေးနှင့် မြေယာ အုပ်ချုပ်ရေးယန္တယားများအား လွတ်လပ်စွာ ကျင့်သုံးလိုက်နာ ဆောင်ရွက်လာခဲ့ ကြသည်။ မတူခြားနားသော ပထဝီတည်နေရာနှင့် ရေမြေတောတောင်သဘာဝ၊ ယဉ်ကျေးမှုနှင့် နောက်ခံသမိုင်းကြောင်း အခြေအနေအလိုက် မတူကွဲပြားသော ဓလေ့ထုံးတမ်း မြေယာစနစ်များနှင့် ကျင့်ထုံးများဖြင့် ချမှတ် ကျင့်သုံးခဲ့ကြသည်။ သို့သော် အဆိုပါစနစ်များတွင် လူ၊ မြေယာ၊ မြေယာ၊ ရေ၊ မြစ်ချောင်းများ၊ သစ်တောများနှင့် သဘာဝ ပတ်ဝန်းကျင်များအကြား အပြန်အလှန်နက်ရှိုင်းစွာ ဆက်နွယ်ဖြစ်တည်နေမှုကို နားလည်အသိအမှတ် ပြုသည့် ဘုံတူညီသော အခြေခံမှုများနှင့် အဓိကစံနှုန်းတန်ဖိုး များရှိသည်။ ဤကဲ့သို့ ပေါင်းစပ်လွှမ်းခြုံသော ဖြစ်တည်မှုအရ အကျိုးခံစားခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းသည့် သဘောသဘာဝများသည် အဆိုပါစနစ်များ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ရိုးရာဓလေ့ထုံးတမ်း အစဉ်လာများဖြင့် ရှင်သန်ရပ်တည်သော လူမှုအသိုက်အဝန်းများတွင် နယ်မြေ၊ မြေယာနှင့်ယဉ်ကျေးမှုကို ခွဲခြားဖော်ပြရန် မဖြစ်နိုင်ပေ။

ဗြိတိသျှတို့၏နယ်ချဲ့သိမ်းပိုက်မှုမတိုင်မီကာလကတည်းကပင် ဌာနေ တိုင်းရင်းသားလူမျိုးစုများသည် သီးခြားလွတ်လပ်သော လူမျိုးစုများအနေဖြင့် စီမံအုပ်ချုပ်ခဲ့ကြသည်။ ဗြိတိသျှကိုလိုနီခေတ်အတွင်းတွင် နိုင်ငံ၏အလယ်ပိုင်းဒေသမှာ ဗြိတိသျှတို့၏ထိန်းချုပ်မှုအောက်တွင်ရှိပြီး ဗြိတိသျှတို့ချမှတ်ပြဌာန်းသော မြေယာစီမံခန့်ခွဲမှု စနစ် (land tenure system) တစ်ရပ်နှင့် ဥပဒေများကို ကျင့်သုံးဖော်ဆောင်ခဲ့သည်။ သို့သော် ဗြိတိသျှတို့၏ထိန်းချုပ်မှုအောက်တွင် မရှိသည့် ဌာနေတိုင်းရင်းသားလူမျိုးစုနယ်မြေများ (ဥပမာ ချင်း၊ ကချင်နှင့် ရှမ်းပိုင်နက်နယ်မြေများ) တွင်မူ ထိုစနစ်နှင့် ဥပဒေများအောက်တွင် အကျုံးဝင်သက်ဆိုင်ခြင်းမရှိခဲ့ပေ။ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင်သာ အဆိုပါ မြေယာစီမံခန့်ခွဲမှုစနစ်များနှင့် ပြဌာန်းဥပဒေများကို ဌာနေတိုင်းရင်းသားလူမျိုးစုနယ်မြေများတွင် အသက်သွင်းရန် အားထုတ် ကြိုးပမ်းလာခဲ့သည်။

ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုစနစ် (Customary land tenure) သည် တစ်ဦးချင်းပိုင်ဆိုင်မှုနှင့် စုပေါင်းပိုင်ဆိုင်မှုစသည် မတူခြားနားသောပိုင်ဆိုင်မှုအမျိုးအစားများနှင့် အကျိုးခံစားခွင့်များနှင့် အတူ တာဝန်ယူမှု၊ တာဝန်ခံမှု ကျင့်ထုံးများ၊ အလေ့အထများနှင့် စုပေါင်းဆောင်ရွက်မှုဓလေ့များကို အသိအမှတ်ပြုသည်။ ရပ်ရွာလူမှုအသိုက်အဝန်း၏ လူမှု စနစ်များက ဒေသန္တရဥပဒေများ၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများနှင့် ကာလအချိန်အခါများနှင့်ကိုက်ညီသည့် ပြောင်းလဲမှုများတို့ကို သတ်မှတ်ပြဌာန်းသည်။ ထိုစနစ်များတွင် မတူခြားနားသော ဌာနေတိုင်းရင်းသားလူမျိုးစုများအလိုက် ကွဲပြားခြားနားသည်။ ဥပမာ ကရင်လူမျိုးများအတွက် "ကော် (Kaw)" ၊ ကယား လူမျိုးများအတွက် "ကေ (Khay)" ၊ မွန်လူမျိုးများ

All Burma Indigenous Peoples Alliance
ABIPA

အတွက် “ထို့ိုင်အေ (Toi Aie)” ၊ ရဝမ်လူမျိုးများအတွက် (Døngpvngzøng rìò roqgar rvgaq)၊ နာဂလူမျိုးများအတွက် လင်မ် (lim) စသည့် စနစ်များရှိသည်။ အများအားဖြင့် ဓလေ့ထုံးတမ်းလူမှု အသိုက်အဝန်းများတွင် ပိုင်နက်နယ်မြေများကို ရပ်ရွာအဆင့်တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကာ ဓလေ့ထုံးတမ်းအရ အသိအမှတ်ပြုထားပြီး မြေယာပိုင်ဆိုင်မှု ဆိုင်ရာ ပြဌာန်း ‘ပုံစံ’ (formal land titles) များ မရှိကြပေ။

ဓလေ့ထုံးတမ်းလူမှုအသိုက်အဝန်းများတွင် ရေရှည်တည်တံ့ပြီးကောင်းမွန်သော ဂေဟစနစ်များကိုရှေးရှုလျက် အခြားတဘက်တွင်လည်း စားဝတ်နေရေးဖူလုံစေရန်အလို့ငှာ စားနပ်ရိက္ခာ၊ တိရစ္ဆာန်အစာ၊ နေအိမ်နှင့် ဆေးဝါး များ အမှီခိုအသုံးပြုရာတွင် မြေယာနှင့် သစ်တောများကို ရေရှည်ဆက်လက်အသုံးပြုနိုင်အောင် မြေယာနှင့် မြေယာအသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချမှတ် ကျင့်သုံးကြသည်။ ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုအောက်တွင် အမျိုးမျိုးသော မြေယာအမျိုး အစားများပါဝင်သည်။ ဥပမာ ဘိုးဘွားပိုင်မြေ၊ တောင်ယာမြေ၊ ရွှေ့ပြောင်းစိုက်ပျိုးမြေ၊ လယ်မြေ၊ စားကျက်မြေ၊ အိမ်ခြံမြေ၊ သစ်တော၊ ထိန်းတော၊ ရပ်ရွာဘုံပိုင်မြေ၊ သင်္ချိုင်းမြေ၊ ရေဝေရေလဲဧရိယာ၊ မြစ်ချောင်းအင်းအိုင်များ၊ အထွဋ်အမြတ်ထားရာမြေ၊ ကစားကွင်း၊ ဥယျာဉ်ခြံ၊ သဘာဝသစ်တော၊ သီးသန့်ထားရှိ သောမြေ၊ ကာကွယ်ထိန်းသိမ်းထားသောမြေနှင့် အခြားမြေအမျိုးအစားများလည်းရှိသည်။ ဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်နှင့်စီမံခန့်ခွဲမှုစနစ်များ (customary land tenure and management systems) တွင် ဇီဝမျိုးကွဲမျိုးစုံ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဂေဟစနစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြေယာနှင့်ဆက်စပ်သောသဘာဝသယံဇာတများ အား ရေရှည်တည်တံ့ စေသော ပုံစံဖြင့်စီမံခန့်ခွဲခြင်းဆိုင်ရာ ကျင့်ကြံဆောင်ရွက်မှုပုံစံများနှင့်ယန္တယားများ ပါဝင်သည်။ သက်ဆိုင်ရာနယ်မြေဒေသနှင့် ဓလေ့များနှင့်အညီ စဉ်ဆက်မပြတ် ဆန်းသစ်ပြောင်းလဲနေသည့် ဆောင်ရွက်မှုပုံစံများနှင့် ယန္တယားများရှိကြသည်။

ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် မိမိတို့ ပိုင်နက်နယ်မြေစီမံအုပ်ချုပ်မှု (territorial governance) များ သတ်မှတ်ထားကြသည် (ဥပမာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် အခြားသော ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်း များမှကာကွယ်ထိန်းသိမ်းထားသည့်နယ်မြေဒေသများ (ICCAs) ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ် သည် သံလွင်မြစ်ဝှမ်းရေဝေရေလဲဒေသအတွင်းရှိ သီးခြားကိုယ်ပိုင်အုပ်ချုပ်သော ကရင့်ပိုင်နက်နယ်မြေ အတွင်း နယ်စပ်တွင်တည်ရှိသည့် မြေဧရိယာ ၅၄၈၅ စတုရန်း ကီလိုမီတာကျယ်ဝန်းပြီး ဌာနေတိုင်းရင်းသားများကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေတစ်ခုဖြစ်သည်။ မူထြော်ခရိုင် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ဦးဆောင်ကော်မတီနှင့် ကရင် အမျိုးသားအစည်းအရုံး (KNU) တို့သဘောတူချမှတ်ခဲ့သည့် ပဋိညာဉ်အခြေခံဥပဒေဖြင့် အဆိုပါငြိမ်းချမ်းရေး ဥယျာဉ်ကို စီမံအုပ်ချုပ်သည်။ ICCAs များသည် ဌာနေတိုင်းရင်းသားတို့၏ဘဝဖြစ်တည်ရာနယ်မြေများ (indigenous territories of life) ဖြစ်သည်။ ကာကွယ်စောင့်ရှောက်သူ ဌာနေတိုင်းရင်းသားပြည်သူများနှင့် ရပ်ရွာလူမှုအသိုက် အဝန်းများက

စုပေါင်းအုပ်ချုပ်စီမံပြီး ကာကွယ်ထိန်းသိမ်းထားသည့် အဆိုပါပိုင်နက် နယ်မြေများနှင့်ဒေသများ သည် မြန်မာနိုင်ငံဒေသအသီးသီးတွင် တည်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များတွင် ရပ်ရွာလူမှုအသိုက်အဝန်းအဆင့်နှင့် ပိုင်နက်နယ်မြေတွင်း စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာများကို သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပြင် ထို့ထက်ပိုမိုကျယ်ပြန့်သည့် စီမံအုပ်ချုပ်ရေးစနစ်များ ရှိနှင့်နေပြီးဖြစ်၏။ ဥပမာ လက်ရှိတွင် ကရင်အမျိုးသားအစည်းအရုံး၏မြေယာမူဝါဒ (၂၀၁၅)၊ ကရင်နီမြေယာမူဝါဒ (၂၀၁၈) နှင့် မွန်ဒေသမြေယာမူဝါဒ (၂၀၂၂) တို့ရှိနေပြီးဖြစ်ကာ အခြားမူဝါဒများကိုလည်း ရေးဆွဲလျက်ရှိသည်။

ယခင်မြန်မာအစိုးရအဆက်ဆက် အုပ်ချုပ်ခဲ့စဉ်ကာလအတွင်း ထုံးတမ်းစဉ်လာမြေယာလုပ်ပိုင်ခွင့် (customary land tenure) ကို ယုတ်လျော့အားနည်းစေသည့်ဥပဒေများစွာ ချမှတ်ပြဋ္ဌာန်းခဲ့သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း (VFV) ဥပဒေ (၂၀၁၂၊ ၂၀၁၈)၊ လယ်ယာမြေဥပဒေ (၂၀၁၂၊ ၂၀၁၉)၊ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ (၁၉၈၄၊ ၂၀၁၉ ခုနှစ်)၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၉)၊ သစ်တောဥပဒေ (၂၀၁၈)၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သတ္တုတွင်းဥပဒေနှင့် အခြားဥပဒေ များ ပါဝင်သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေ (၂၀၁၂၊ ၂၀၁၈) သည် ရင်းနှီးမြှုပ်နှံသူများရယူအသုံးပြုနိုင်မည့် မြေဧရိယာအမြောက်အမြား ဖြစ်ပေါ်လာစေသည်။ သို့သော် ထိုမြေများက 'မြေလွတ်၊ မြေလပ် သို့မဟုတ် မြေရိုင်း' များ မဟုတ်ပေ။ အမှန်စင်စစ် VFV မြေဧက ၄၅ သန်းခန့်မှာ လူပေါင်း သန်း ၂၀ ခန့်၏ ဘိုးဘွားပိုင်နယ်မြေ (ancestral domains) များနှင့် ၎င်းတို့နေထိုင်၊ မှီခို၊ စိုက်ပျိုးရာမြေများဖြစ်ပြီး ထိုမြေများ၏ ၈၂% ခန့်မှာ တိုင်းရင်းသားဒေသများနှင့် ဌာနေတိုင်းရင်းသားဒေသများတွင် တည်ရှိသည်။ ဖော်ပြပါဥပဒေများသည် နဂိုရှိနှင့်နေပြီးဖြစ်သော ထုံးတမ်းစဉ်လာမြေယာ လုပ်ပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးများကို ငြင်းပယ်ခဲ့သည်။ ထိုဥပဒေများကို တပ်မတော်ကရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အခြေခံဥပဒေ၏ ဘောင်အတွင်းမှ ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်၏။ ၂၀၀၈ အခြေခံဥပဒေ အားငြင်းပယ်မှုနှင့်အညီ ဤမူဝါဒသည် အဆိုပါဥပဒေများကိုလည်း ငြင်းဆန်ပယ်ချသည်။

စစ်အာဏာသိမ်းမှုမတိုင်မီကာလ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျရွေးချယ်တင်မြှောက်ထားသောအစိုးရ၊ မြန်မာတပ်မတော်နှင့် EAOs တို့သည် ကာလကြာရှည်ဖြစ်တည်လာခဲ့သောပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရန်နှင့် ပိုင်နက်နယ်မြေပြဿနာများကို အဖြေရှာနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ (Union Peace Dialogue) တွင် ငြိမ်းချမ်းရေးဆိုင်ရာစေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စည်းများ နှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ စီမံအုပ်ချုပ်ရေးစနစ်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများသည် "ပြည်နယ်/တိုင်းဒေသကြီးအဆင့်" မဟုတ်သကဲ့သို့ "မြို့နယ်အဆင့်" လည်းမဟုတ် ပေ။ ၎င်းတို့၏

ပထဝီနယ်မြေပိုင်းခြားသတ်မှတ်မှုသည် ၂၀၀၈ အခြေခံဥပဒေပါ အုပ်ချုပ်ရေးအဆင့်များနှင့် စီမံ ခန့်ခွဲမှုပုံစံတို့နှင့် မဟပ်စပ်ပေ။ ထို့အပြင် ၎င်းတို့၏အခွင့်အာဏာကို မြန်မာနိုင်ငံ ၂၀၀၈ အခြေခံဥပဒေအရ သော်လည်းကောင်း၊ ယခင်အခြေခံဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း အသိအမှတ်ပြုလက်ခံခြင်း မရှိပေ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ စီမံအုပ်ချုပ်ရေးစနစ်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတို့၏ အခွင့်အာဏာကို အသိအမှတ်ပြုသည့် အဓိကကျသော စာချုပ်စာတမ်းတစ်ရပ်မှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သောဗမာကိုယ်စားလှယ်များနှင့် ရှမ်း၊ ကချင်နှင့် ချင်းလူမျိုးတို့ကြား လက်မှတ် ရေးထိုးချုပ်ဆိုခဲ့သည့် ၁၉၄၇ ခုနှစ် ပင်လုံသဘောတူညီချက်စာချုပ် ပင်ဖြစ်သည်။ ထိုစာချုပ်ဖော်ပြပါအရ "အထက်တွင်သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင် ကောင်စီကို တိုးချဲ့မည် ဖြစ်သော်လည်း တောင်တန်းဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုရရှိခံစားနေရသော ကိုယ်ပိုင် အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာလက်လွှတ်စေရန် အဆိုပါကောင်စီက လုံးဝပြုလုပ်ခြင်း မရှိစေရန်နှင့် တောင်တန်းဒေသများတွင် ၎င်းတို့၏ နယ်မြေဒေသတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အပြည့်အဝရှိ ရမည်ဟု မူအားဖြင့် သဘောတူညီကြသည်" ဟုဖွင့်ဆိုပြဋ္ဌာန်းသည်။ ထိုစာချုပ်တွင် နောင်ကာလ၌ သီးသန့် ကချင်ပြည်တစ်ခု နယ်နိမိတ်သတ်မှတ်ခြင်းနှင့်တည်ထောင်ခြင်းက လျော်ကန်သင့်မြတ်ကြောင်း ဖွင့်ဆိုဖော်ပြထား သည်။ "တောင်တန်းဒေသများရှိနိုင်ငံသားများသည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံ စံနှုန်းများအဖြစ်အသိအမှတ်ပြု ထားသော အခွင့်အရေးများနှင့် အခွင့်ထူးများကို ခံစားပိုင်ခွင့်ရှိစေရမည်" ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပင်လုံ စာချုပ်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ရပ်၏စိတ်ဓာတ်ကို တည်ဆောက်ပေးသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေအား တရားဝင်ပိုင်ဆိုင်ခွင့်နှင့် အခြားရပိုင်ခွင့်များနှင့် လူ့အခွင့်အရေး တို့ကို ဖက်ဒရယ်အခြေခံဥပဒေသစ်တစ်ရပ်တွင် အထွတ်အမြတ်ထားထည့်သွင်းပြဋ္ဌာန်းသည့် ပြည်ထောင်စု တစ်ရပ်ကိုဆိုလိုသည်။

ဤမူဝါဒသည် "တော်လှန်ရေး" ကာလအတွင်း ရေးဆွဲခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် စစ်အာဏာသိမ်းမှုအောက် ကျရောက်နေခဲ့ပြီး အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု (CDM)၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၊ ပြည်သူ့ညီလာခံ၊ တိုင်းရင်းသားလူမျိုးစုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ များ/အုပ်စုများ (ဥပမာ KPICT နှင့် KSCC)၊ EAOs များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) တို့က စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်နေသည့် အချိန်ကာလဖြစ်သည်။ အဓိကပါဝင်သူ (key actors) များကို စုစည်းကာ နောင်ကာလဖက်ဒရယ်ဒီမိုကရေစီစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဆွေးနွေး အဖြေရှာနေသည့် ကာလလည်းဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး၊ လူ့အခွင့်အရေး၊ လူမျိုးဘာသာ ကွဲပြားစုံလင်မှု၊ တရားမျှတမှုနှင့် တရားသော ဥပဒေစိုးမိုးမှုနှင့် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှု ရှိသောအုပ်ချုပ်ရေးတို့ကို လေးစားတန်ဖိုးထားသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တစ်ရပ်ကို ဆိုလိုပေသည်။

## အပိုင်း (၁) မူဝါဒ အကျုံးဝင်သက်ဆိုင်မှု (Part 1: Policy Application)

၁.၁. ဤမူဝါဒသည် မြန်မာနိုင်ငံတွင်း ဒေသခံလူမျိုးစုနှင့် ဌာနေတိုင်းရင်းသားများ ၏ မူလဘူတပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် မြေယာလုပ်ပိုင်ခွင့် (inherent title and rights, and land tenure) တို့အတွက် အခြေခံမူများ၊ လမ်းညွှန်ချက်များနှင့် အကြံပြုချက်များကို ဖွင့်ဆိုသတ်မှတ်သည်။

၁.၂. ဤမူဝါဒသည် မြန်မာနိုင်ငံတွင်း နိုင်ငံလူဦးရေ၏ အနည်းဆုံး သုံးပုံတစ်ပုံရှိသည့် ဌာနေတိုင်းရင်းသားများ၏ မြေယာများ အားလုံးနှင့် သက်ဆိုင်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရှင်သန်ရပ်တည်နိုင်မှုသည် မြေယာပိုင်ဆိုင်ခွင့်နှင့် ၎င်းတို့၏ဘိုးဘေး စဉ်ဆက် ပိုင်နက်နယ်မြေများအား ပိုင်ဆိုင်အသုံးပြုစီမံပိုင်ခွင့်နှင့် ကာကွယ်ထိန်းသိမ်းပိုင်ခွင့်တို့ကို တရားဝင်သတ်မှတ် ပြဌာန်းနိုင်ခြင်းရှိမရှိဟူသော အချက်ပေါ်တွင် မူတည်သည်။

၁.၃. ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များကို နောင်ကာလဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် အသိအမှတ်ပြုထည့်သွင်းရမည်။ ထိုကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းချက်များ (Constitutional terms) မရှိသေးပါ။ ဤမူဝါဒကိုရေးဆွဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်း ချက်များ (Constitutional terms) ကို ထိန်းချုပ်ရန် သို့မဟုတ် အစားထိုးရန် ရည်ရွယ်ခြင်း မရှိပါ။ ဤမူဝါဒသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းချက်များ (Constitutional terms) ရေးဆွဲခြင်းအတွက် အသိအမြင်များနှင့်အကြံ ဉာဏ်များ ပေးအပ်နိုင်မည့် ပြဌာန်းချက်များ၊ ရပ်တည်ချက်များ၊ ကြားကာလအစီအမံများနှင့် အကြံပြုချက်များကို ဖွင့်ဆိုသတ်မှတ်သည်။

## အပိုင်း (၂) မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ (Part 2: Vision & Objectives)

၂.၁. ဤမူဝါဒတွင် နောင်ကာလ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် မူဝါဒများအားလုံးသည် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မူလကပင်ရှိနှင့်နေပြီးဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ၎င်းတို့၏ ဘိုးဘွားပိုင်နယ်မြေ (၎င်းတို့ အစဉ်အဆက်ပိုင်ဆိုင်ခဲ့သည့်၊ နေထိုင်ခဲ့သည့် သို့မဟုတ် ပုံစံတစ်ခုခုဖြင့် အသုံးပြုခဲ့သည့် သို့မဟုတ် ရရှိခဲ့သည့် မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတများ အပါအဝင်) နှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များကို မည်သို့မည်ပုံလေးစားတန်ဖိုးထားရမည်ဟူ၍ ရှင်းလင်းဖွင့်ဆိုထားသည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုသစ်တစ်ရပ် ဖွဲ့စည်းတည်ထောင်ရေးအလို့ငှာ အခြေခံအုတ်မြစ်တစ်ခုအနေဖြင့် ထိုသို့ အသိ အမှတ်ပြုမှုအတွက် ကနဦးဥပဒေရေးရာလမ်းကြောင်းများ (initial legal pathways) များကိုလည်း ဖွင့်ဆိုဖော်ပြ ထားသည်။ ဤမူဝါဒသည် ဌာနေတိုင်းရင်းသား ပိုင်နက်နယ်မြေများအတွင်းရှိ လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးများအား မည်သို့မည်ပုံ တန်ဖိုးထားလေးစားသွားရမည်ဟူသော ဦးတည်ချက်များကိုလည်း အသေးစိတ် ဖွင့်ဆိုဖော်ပြထားသည်။

All Burma Indigenous Peoples Alliance
ABIPA

၂.၂. ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UNDRIP)[1] ကိုဆန္ဒမဲပေးထောက်ခံခဲ့သည်။ UNDRIP သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အတည်ပြုပြဌာန်းသည်။ "ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကျင့်သုံးဆောင်ရွက်ရာ၌ ၎င်းတို့လူမျိုးစုအတွင်းနှင့်နယ်မြေဒေသတွင်းကိစ္စရပ်များတို့နှင့်ပတ်သက်၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့်အပြင် ကိုယ်ပိုင်အုပ်ချုပ်စီမံမှုလုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာငွေရှာဖွေပံ့ပိုးမှုပုံစံများနှင့်နည်းလမ်းများကိုလည်း လွတ်လပ်စွာချမှတ်ဖော်ဆောင်ပိုင်ခွင့်ရှိသည် (အပိုဒ် ၄)"။ UNDRIP တွင် -

"၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့မိရိုးဖလာပိုင်ဆိုင်၊ နေထိုင် လာခဲ့သည့် သို့မဟုတ် ပုံစံတစ်ခုခုဖြင့်အသုံးပြုလာခဲ့သည့် သို့မဟုတ် ဆက်ခံရရှိခဲ့သည့် မြေယာများ၊ ပိုင်နက် နယ်မြေများနှင့်သယံဇာတများတို့နှင့်သက်ဆိုင်သော ရပိုင်ခွင့်များရှိသည်။

၂) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိရိုးဖလာပိုင်ဆိုင်မှု သို့မဟုတ် အခြားသော မိရိုးဖလာနေထိုင်မှု သို့မဟုတ် အသုံးပြုမှုကြောင့် သို့မဟုတ် အခြား ပုံစံတစ်ခုခုဖြင့် ဆက်ခံရရှိမှုကြောင့် ၎င်းတို့ပိုင်ဆိုင်ထားသည့် မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတများ ကို ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ ဖော်ဆောင်ခွင့်နှင့် ထိန်းချုပ်ပိုင်ခွင့်ရှိသည်။

၃) နိုင်ငံတော်အစိုးရများသည် အဆိုပါ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတများကို ဥပဒေအရ တရားဝင်အသိအမှတ်ပြုမှုနှင့် ကာကွယ်စောင့် ရှောက်မှု ပေးအပ်ရမည်။ ထိုကဲ့သို့သောအသိအမှတ်ပြုမှုအား သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုများနှင့် မြေယာလုပ်ပိုင်ခွင့် စနစ်များတို့ကို တန်ဖိုးထားလေးစားသောပုံစံဖြင့် ဆောင်ရွက်ရမည် (အပိုဒ် ၂၆)" ဟူ၍ ဖွင့်ဆိုပြဌာန်းသည်။

ဤမူဝါဒ၏ရည်မှန်းချက်တစ်ရပ်မှာ သဘောတူလက်ခံ ထားပြီးဖြစ်သော အဆိုပါ UNDRIP အခြေခံမူများကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြင့် မြန်မာနိုင်ငံ၏ဥပဒေမူဘောင်အတွင်း မည်သို့မည်ပုံ ချမှတ်အကောင်အထည် ဖော်နိုင်မည်ဟူသောအကြောင်းနှင့် ပတ်သက်၍ အခြေခံမူများနှင့် ပြဌာန်းချက်များ ရေးဆွဲချမှတ်နိုင်ရန်အတွက်ပင် ဖြစ်သည်။

၂.၃. ဤမူဝါဒသည် ဌာနေတိုင်းရင်းသားများ၏ မူလရှိရင်းစွဲကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေများနှင့် သက်ဆိုင် သောရပိုင်ခွင့်များကို လေးစားတန်ဖိုးထားရေးနှင့်ပတ်သက်၍ ဖက်ဒရယ်သဘာဝသယံဇာတစီမံအုပ်ချုပ်မှုစနစ် ဆိုင်ရာမူဝါဒ (the Natural Resource Federalism Policy) အတွက် လုပ်ငန်းစဉ်ကို အသေးစိတ်ဖွင့်ဆိုဖော်ပြ ထားသော်လည်း နောက်ဆုံးတွင် အဆိုပါရပိုင်ခွင့်များကို

[1] UNDRIP: https://www.un.org/development/desa/indigenouspeoples/wp-content/uploads/sites/19/2018/11/UNDRIP_E_web.pdf

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် အထွင်ရှုအမြတ်ထားထည့်သွင်း ပြဋ္ဌာန်းရမည်ဟူ၍ သိမှတ်နားလည်သည်။

၂.၄. အားလုံးပါဝင်နိုင်ရေးအတွက် အကောင်းဆုံးဦးတည်ရည်ရွယ်ပြီး ဤမူဝါဒကို အဓိကကျသော အကျိုးသက်ဆိုင်သူများ (actors) နှင့်သက်ဆိုင်ရာအစိုးရများဖြင့် ရေးဆွဲဖန်တီးကာ ဆန်းစစ်အတည်ပြုခဲ့သည်ဆိုသော်လည်း စစ်တပ်မှ အာဏာသိမ်းထားသည့် တော်လှန်ရေးကာလအတွင်း ဆက်သွယ်ရေးနှင့် အသိအမြင်ဖဟုသုတမျှဝေရေးဆိုင်ရာ အကန့်အသတ်များအောက်တွင် ရေးဆွဲခဲ့ရသည်ဖြစ်ရာ လိုအပ်သည့်ဆွေးနွေးတိုင်ပင်မှုများလုပ်ဆောင်ရန် အခြေအနေမပေးခဲ့ပေ။ သို့ဖြစ်ရာ အခြေအနေပေးလာချိန်တွင် ပိုမိုကျယ်ပြန့်သော ဆွေးနွေးတိုင်ပင်မှုများနှင့် ပိုမိုပြည့်စုံသောအသိအမြင်အချက်အလက်များမှတဆင့် ဤမူဝါဒစာတမ်းကို စဉ်ဆက်မပြတ်မွမ်းမံပြင်ဆင်သွားရန် ဦးတည် ရည်ရွယ်သည်။

## ၂.၅. **အဓိပ္ပာယ်ဖွင့်ဆိုချက်များ (Definitions)**

ဤမူဝါဒတွင်

**"ဘိုးဘွားပိုင်နယ်မြေ (ancestral domain)" ဟူသည် တောတောင်၊ ရေ၊ မြေယာများ၊ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းရိုး တန်းနယ်မြေစသည်များနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ဆက်စပ်သဘာဝသယံဇာတများ အပါအဝင် ယေဘုယျအားဖြင့်** ဌာနေတိုင်းရင်းသားလူမျိုးစုများ**နှင့်သက်ဆိုင်သော နယ်မြေများအားလုံးကို ဆိုသည်။** ရှေးပဝေသဏီမှသည် ယနေ့ထိတိုင် (စစ်ပွဲ၊ မလွန်ဆန်နိုင်သောဖြစ်ရပ် (force majeure) သို့မဟုတ် အင်အားသုံးမှု၊ လိမ်လည်လှည့်ဖြားမှုနှင့် လျှို့ဝှက်ကြံစည်ဆောင်ရွက်မှုဖြင့် ရွှေ့ပြောင်းနေရာချထားခြင်း သို့မဟုတ် အစိုးရစီမံကိန်းများ၏ အကျိုးဆက်တစ်ရပ် သို့မဟုတ် မိမိသဘောဆန္ဒအလျောက် အစိုးရ၊ လူပုဂ္ဂိုလ်များ/ပုဂ္ဂလိကပိုင် ကော်ပိုရေးရှင်းများနှင့် စီးပွားရေးဆိုင်ရာဆက်နွယ်ဆောင်ရွက်မှုများ၏ အကျိုးဆက်တစ်ရပ်အနေဖြင့် ရွှေ့ပြောင်းခံရခြင်း စသည်တို့ကြောင့်အဆက်ပြတ်သွားခဲ့ရသည့်ကာလများမှအပ) ဌာနေတိုင်းရင်းသားများကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ဘိုးဘေးများမှတဆင့်၊ အားလုံးစုပေါင်း သို့မဟုတ် တစ်ဦးချင်း အစစ်အမှန်ပိုင်ဆိုင်ခွင့်ရှိသည့်၊ နေထိုင်လာခဲ့သည့် သို့မဟုတ် ပိုင်ဆိုင်လာခဲ့သည့် နယ်မြေများဖြစ်သည့်အပြင် ၎င်းတို့၏စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကောင်းကျိုးချမ်းသာအတွက် မရှိမဖြစ်လိုအပ်သော နယ်မြေများဖြစ်သည်။ ဘိုးဘွားပိုင် နယ်မြေ (ancestral domain) တွင် ဘိုးဘွားပိုင်မြေယာများ၊ သစ်တောမြေများ၊ စားကျက်မြေများ၊ လူနေအိမ်ခြံမြေ၊ စိုက်ပျိုးမြေနှင့် (လွှဲပြောင်းရောင်းချခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူပုဂ္ဂိုလ် တစ်ဦးချင်းပိုင်ဆိုင်သည့်) အခြားမြေအမျိုးအစားများ၊ အမဲလိုက်ကွင်းများ၊ ဝတ်ပြုဆုတောင်းရာနယ်မြေ များ၊ မြစ်ချောင်းအင်းအိုင်များ၊ ဓာတ်သတ္တုများနှင့် အခြားသဘာဝသယံဇာတများအပြင် ဌာနေတိုင်းရင်းသားများသာ နေထိုင်ခြင်းမျိုး မဟုတ်တော့သည့်တိုင် ၎င်းတို့၏

စားဝတ်နေရေးအတွက် မိရိုးဖလာ အသုံးပြု ပိုင်ခွင့်ရှိခဲ့သည့် အခြားမြေအမျိုးအစားများ (အထူးသဖြင့် ရေကြည်ရာမြက်နုရာရွှေ့ပြောင်းလှည့်လည် နေထိုင်သူများ နှင့်/သို့မဟုတ် ရွှေ့ပြောင်းစိုက်ပျိုးသူများအဖြစ် ရှိနေဆဲ ဌာနေတိုင်းရင်းသားများ၏ ဇာတိမြေများ) ပါဝင်သည်။

**“ရပ်ရွာဘုံပိုင်ဆိုင်ခွင့်များ (communal claims)”** ဟူသည် သတ်မှတ်ထားသော ပိုင်နက်နယ်မြေတစ်ခုအတွင်းရှိ လူမှုအသိုက်အဝန်းတစ်ရပ်လုံးနှင့်ဆိုင်သော မြေယာနှင့်အရင်းအမြစ်များပိုင်ဆိုင်ခွင့်နှင့် ထိုမြေယာများနှင့် အရင်းအမြစ်များတို့နှင့်ပတ်သက်သည့် စီမံအုပ်ချုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဆိုလိုသည်။

**“ဓလေ့ထုံးတမ်း ဥပဒေ (customary law)"** ဟူသည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ မိရိုးဖလာအရဖြစ်စေ စဉ်ဆက်မပြတ် အသိအမှတ်ပြုလက်ခံပြီး လေးစားလိုက်နာ လာခဲ့ကြသည့် ရေးသားဖော်ပြထားသော သို့မဟုတ် ရေးသားဖော်ပြထားခြင်းမရှိသော စည်းမျဉ်းစည်းကမ်းများ၊ အသုံးပြုမှုများ၊ ဓလေ့ ထုံးတမ်းများနှင့် ကျင့်ကြံဆောင်ရွက်မှုပုံစံများကို ဆိုလိုသည်။

**"ဌာနေတိုင်းရင်းသားများ[2] (indigenous peoples)"** ဟူသည် ကိုယ်တိုင်သိမှတ်ယုံကြည်မှုနှင့် အခြားသူတို့၏ သိမှတ်ယုံကြည်မှုအရ တူညီသောလူမျိုးစရိုက် လက္ခဏာများရှိသည့် လူမျိုးစု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ၎င်းတို့၏ မျိုးနွယ်စု (ဝါ) ရပ်ရွာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်၊ ရေမြေတောတောင်၊ မြေယာ၊ နယ်မြေ၊ ဂေဟစနစ်များနှင့် သဘာဝသယံဇာတများကို အစိုးရတစ်ရပ်ရပ်၏ ပြဋ္ဌာန်းဥပဒေများဖြင့် မဟုတ်ဘဲ ၎င်းတို့၏ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းမွန်းမံကျင့်သုံးလာသည့် ဌာနေဓလေ့ထုံးတမ်း စီမံအုပ်ချုပ်မှုစနစ်များနှင့် ဓလေ့ထုံးတမ်းဥပဒေများဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစီမံအုပ်ချုပ်ကာ ရပ်တည်နေသော လူမျိုးများကို ဆိုလိုသည်။ ထို့အပြင် ရပ်ရွာအလိုက် ကန့်သတ်ရေးဆွဲ သတ်မှတ်ထားသည့်ပိုင်နက်နယ်မြေပေါ်ရှိ တစ်စုတစ်စည်းတည်းသော လူမှုအသိုက် အဝန်းတစ်ရပ်အနေဖြင့် အစဉ်အဆက်နေထိုင်လာခဲ့ကြပြီး ရှေးပဝေသဏီမှသည် ဖြစ်တည်နေခဲ့သော၎င်းတို့၏ ပိုင်ဆိုင်ခွင့်များအရ အဆိုပါဘိုးဘွားပိုင် နယ်မြေများကို ပိုင်ဆိုင်ပြီး နေထိုင်အသုံးပြုလာခဲ့သူများဖြစ်ကာ ဘုံဘာသာစကား၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာအစဉ်အလာများနှင့် တမူထူးခြားသော အခြားယဉ်ကျေးမှုလက္ခဏာများ ပိုင်ဆိုင်သည်။ ၎င်းတို့ကိုယ်ပိုင် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာဖွဲ့စည်းပုံအင်္ဂါစဉ် အချို့ သို့မဟုတ် အားလုံးကို ဆက်လက် ထိန်းသိမ်းထားသူများဖြစ်သည်။ သို့သော် ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေများမှ ရွှေ့ပြောင်းဖယ်ရှားခြင်းခံခဲ့ ရသူများ သို့မဟုတ် ၎င်းတို့ဘိုးဘွားပိုင်နယ်မြေများ၏ပြင်ပတွင် ပြန်လည်နေရာချထားခြင်းခံခဲ့ရသူ များလည်း ဖြစ်နိုင်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည်

---

[2] ဌာနေတိုင်းရင်းသားလူမျိုးအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် UNDRIP ပါ တိုင်းရင်းသားလူနည်းစု (ethnic minorities) များ အကျုံးဝင်သည်။

၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေများတွင် သန္ဓေတည်မွေးဖွား လာခြင်းဖြစ်ပြီး ထိုနယ်မြေများ၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်တို့နှင့် နက်ရှိုင်းစွာဆက်နွယ်နေသည်။ လူသားများ၏အသုံးပြုမှုနှင့် သယံဇာတများအားလုံးကိုကာကွယ်ထိန်းသိမ်းမှုတို့ကြား ဟန်ချက်ညီအောင် ချိန်ညှိခြင်းဖြင့် ၎င်းတို့၏ ပိုင်နက်နယ်မြေများကို ရေရှည်တည်မြဲစေသည့်ပုံစံဖြင့် အသုံးပြုသည်။ ဌာနေတိုင်းရင်းသား လူမျိုးများသည် အလိုက်သင့် ပြောင်းလဲနိုင်ရန်လိုအပ်မှုကို သိမြင်နားလည်လျက် ၎င်းတို့၏ သက်ဆိုင်ရာနယ်မြေ ဒေသတွင်းအခြေ အနေများအပေါ်အခြေခံပြီး ၎င်းတို့ဘိုးဘွားပိုင်နက် နယ်မြေအတွက် သင့်တော် ကောင်းမွန်သော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ရှင်းလင်းဖွင့်ဆို ချက်များကို ပြင်ဆင်မွမ်းမံပြီး အတည်ပြုချမှတ်လျက် ကျင့်သုံးကြသည်။

**"ဌာနေစီမံအုပ်ချုပ်ရေး (indigenous governance)"** ဟူသည် ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ပူးပေါင်းပါဝင်မှုအတွက် ဌာနေတိုင်းရင်းသားများမှ ချမှတ်ဖော်ဆောင်ခဲ့သည့် အဖွဲ့အစည်း ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ခေါင်းဆောင်မှုစနစ်များ၊ အင်္ဂါစဉ်ဖွဲ့စည်းပုံများ၊ ဆက်နွယ်မှုများ၊ ပုံစံများနှင့် လုပ်ငန်းစဉ်များကို ဆိုလိုသည်။ ဥပမာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs)၊ ရပ်မိရပ်ဖကောင်စီ (Council of Elders)၊ ရပ်ရွာ ဓလေ့ထုံးတမ်းအဖွဲ့စည်းများ (Customary Community Organizations) သို့မဟုတ် အခြားခုံသမာဓိအဖွဲ့ တစ်ခုခု သို့မဟုတ် အလားတူ သက်ရောက်သော သဘောသဘာဝရှိသည့် အစုအဖွဲ့တစ်ခုခု စသည်တို့ပါဝင်သည်။ ၎င်းတို့သည် အဆိုပါစနစ်တွင်ပါဝင်နေသော ပြည်သူများထံ တာဝန်ခံရမည်ဖြစ်သည်။

**"ဌာနေတိုင်းရင်းသားလူမျိုးများ၏ ပိုင်နက်နယ်မြေများ (Indigenous people's territories)"** ဟူသည် ရှေးပဝေသဏီခေတ်မှသည် ယနေ့ထိတိုင် ဌာနေတိုင်းရင်းသားများ ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ဘိုးဘေးများမှ တဆင့်၊ အားလုံးစုပေါင်း သို့မဟုတ် တစ်ဦးချင်း အစစ်အမှန်ပိုင်ဆိုင်ခွင့်ရှိသည့်၊ နေထိုင်လာခဲ့သည့် သို့မဟုတ် ပိုင်ဆိုင်လာခဲ့သည့် တောတောင်၊ ရေ၊ မြေယာများ၊ မြစ်ချောင်း အင်းအိုင်များ၊ ကျွန်း၊ ကမ်းရိုးတန်းနယ်မြေများနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ဆက်စပ် သဘာဝသယံဇာတများအပါအဝင် ယေဘုယျအားဖြင့် ဌာနေတိုင်းရင်းသားများနှင့် သက်ဆိုင်သော နယ်မြေများအားလုံးကို ဆိုသည်။ ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏ ဘိုးဘွား ပိုင်နယ်မြေများမှ ခွဲခြားဖယ်ထုတ်ခဲ့သည့် စစ်ပွဲ၊ မလွန်ဆန်နိုင်သောဖြစ်ရပ် (force majeure) သို့မဟုတ် အင်အားသုံးမှု၊ လိမ်လည်လှည့်ဖြားမှုနှင့် လျှို့ဝှက်ကြံစည်ဆောင်ရွက်မှုဖြင့် ရွှေ့ပြောင်းနေရာချထား ခြင်း သို့မဟုတ် အစိုးရစီမံကိန်းများ၏ အကျိုးဆက်တစ်ရပ် သို့မဟုတ် မိမိဆန္ဒအလျောက် အစိုးရ၊ လူပုဂ္ဂိုလ်များ/ ပုဂ္ဂလိကပိုင်ကော်ပိုရေးရှင်းများနှင့် စီးပွားရေးဆိုင်ရာဆက်နွယ်ဆောင်ရွက်မှုများ၏ အကျိုးဆက် တစ်ရပ်အနေဖြင့် ရွှေ့ပြောင်းခံရခြင်း စသည်တို့ကြောင့် ဘိုးဘွားပိုင်နယ်မြေများတွင် မျက်မှောက် ကာလအထိဆက်လက်နေထိုင်ခဲ့ခြင်းမရှိသည့်ကိစ္စရပ်မျိုးတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ပိုင်နက်နယ်မြေများကို ရွှေ့ပြောင်းနေရာချထားခြင်းမခံရမီက ရှိခဲ့သောပိုင်နက်နယ်မြေများ အတိုင်း

အသိအမှတ်ပြုသွားမည်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်နယ်မြေများသည် ဌာနေတိုင်းရင်းသားများ၏ ပုဂ္ဂလိက ပိုင်ဆိုင်မှု (private property) ဖြစ်သော်လည်း ဌာနေတိုင်းရင်းသားများ၏ မျိုးဆက်များအားလုံးနှင့်သက်ဆိုင်သော လူမှုအသိုက်အဝန်းဘုံပိုင်ဆိုင်မှု (communal property) ဖြစ်ရာ ထိုပိုင်နက်နယ်မြေများကို ရောင်းချခွင့်၊ လွှဲပြောင်းခွင့် သို့မဟုတ် ဖျက်ဆီးခွင့်မရှိပါ။ ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်နယ်မြေများကို ရပ်ရွာလူမှုအသိုက်အဝန်းက နယ်နိမိတ်ပိုင်းခြားသတ်မှတ်ပြီး ပထဝီတည်နေရာများအားလုံးကို ဌာနေတိုင်းရင်းသားများ၏ လူမှုအသိုက်အဝန်းများအတွင်း ထုံးတမ်းစဉ်လာလုပ်ငန်းစဉ်များဖြင့် ရေးဆွဲသတ်မှတ်သည်။

**"ကြားကာလမြေယာမူဝါဒများ (interim land policies)"** ဟူသည် လူ့အခွင့်အရေးများနှင့် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နယ်မြေများနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များကို အပြည့်အဝအာမခံ သည့်ကတိကဝတ်များ ပါဝင်သော ဖယ်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ်နှင့် ဆက်စပ်ဥပဒေမူဘောင်တို့ကို ချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိသေးမီ မြန်မာနိုင်ငံသည် စစ်အာဏာသိမ်းမှု အောက် ကျရောက်နေစဉ် ကြားကာလအတွင်း သို့မဟုတ် 'တော်လှန်ရေးကာလ' အတွင်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ထို့မတိုင်မီ ကပင်ရှိနှင့်နေပြီးသောမူဝါဒများနှင့် မူဝါဒအသစ် များကို ဆိုလိုသည်။

**"ရှေးပဝေသဏီကာလ (time immemorial)"** ဟူသည် ပြန်ပြောင်းအောက်မေ့သတိရနိုင်သည့်အတိတ်ကာလတစ်ခုအတွင်း သက်ဆိုင်ရာ ဌာနေတိုင်းရင်းသား ဒေသခံများ/ဌာနေတိုင်းရင်းသားလူမျိုး (ICCs/Ips) များက ၎င်းတို့၏ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစဉ်အလာ များနှင့်အညီ ဓလေ့ထုံးတမ်း ဥပဒေကိုကျင့်သုံးဖော်ဆောင်ခြင်းဖြင့် သို့မဟုတ် ၎င်းတို့၏ဘိုးဘေးများ ထံမှ အမွေဆက်ခံခြင်းအားဖြင့် ၎င်းတို့ဆက်ခံရရှိခဲ့သည့် သတ်မှတ်ထားသော ပိုင်နက်နယ်မြေတစ်ခုကို ပိုင်ရှင်အနေဖြင့် နေထိုင်ခဲ့သည့်၊ ရရှိပိုင်ဆိုင်ခဲ့သည့်၊ အသုံးပြုခဲ့သည့် အချိန်ကာလတစ်ခုကို ရည်ညွှန်းသည်။

All Burma Indigenous Peoples' Alliance
ABIPA

## ၂.၆. လမ်းညွှန်မှုပေးသောရင်းမြစ်များ (Guiding sources)

ဤမူဝါဒစာတမ်းကို အပြည်ပြည်ဆိုင်ရာလမ်းညွှန်ချက်များနှင့် EAOs များမှရေးသားထုတ်ဝေခဲ့သည့် မူဝါဒစာတမ်း များက တည့်မတ်လမ်းညွှန်ခဲ့သည်။ ကျမ်းကိုးစာရင်းတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNDRIP - ၂၀၀၇)၊ ၁၉၈၉ ဌာနေတိုင်းရင်းသားနှင့်မျိုးနွယ်စုများဆိုင်ရာပြဋ္ဌာန်းချက် (ILO Convention 169)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက် (CEDAW)၊ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရသူများအတွက် အိမ်ရာနှင့်ပိုင်ဆိုင်မှု ပြန်လည်ပေးအပ်ရေးဆိုင်ရာ အခြေခံမူများ (the Pinheiro Principles)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ

သဘောတူညီချက်စာချုပ် (ICESCR)၊ ၂၀၁၅ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs)၊ အမျိုးသား စားနပ်ရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ မြေယာ၊ သားငါးနှင့် သစ်တော လုပ်ပိုင်ခွင့်များအား တာဝန်ယူမှု ရှိသည့်ပုံစံဖြင့်စီမံအုပ်ချုပ်ခြင်းဆိုင်ရာ လိုက်နာကျင့်သုံးနိုင်မည့် လမ်းညွှန်ချက်များ (VGGT) တို့ပါဝင်သည်။ အကိုးအကားပြုခဲ့သည့် အခြားစာတမ်းများတွင် ကရင် အမျိုးသားအစည်းအရုံး မြေယာမူဝါဒ (၂၀၁၅)၊ မွန်မြေယာမူဝါဒ (၂၀၂၂)၊ သံလွင်ငြိမ်းချမ်းရေး ဉယျာဉ်ပဋိညာဉ်စာတမ်း (၂၀၁၈)၊ နာဂအမျိုးသားညီလာခံ ဆုံးဖြတ်ချက်များ - ၂၀၁၄၊ နာဂအမျိုးသား မြေယာ မူဝါဒ (မူကြမ်း)၊ မြန်မာနိုင်ငံတွင်း 5Rs မြေယာအစီအစဉ် - ကျေးလက်လုပ်သား ထုကို ကြီးပွားတိုးတက်စေနိုင်သည့် အနာဂတ်ကာလဖက်ဒရယ်ဒီမိုကရေစီစနစ်တစ်ရပ်၏ အခြေခံမှု ၅ ရပ် - အခြေခံအဆင့်စာတမ်း (၂၀၁၂) တို့ပါဝင်သည်။

### အပိုင်း (၃) အခြေခံမှုများ (Part 3: Principles)

၃.၁. မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားများ သည် ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေများအပြင် ၎င်းတို့၏ ဘိုးဘွားပိုင်နယ်မြေများနှင့် သက်ဆိုင်သော ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များကို မည်သည့်အခါကမျှ ပြင်ပသို့ လက်လွှတ်ခဲ့ခြင်း၊ ရောင်းချခဲ့ခြင်း၊ ငှားရမ်းခဲ့ခြင်း၊ စွန့်လွှတ်ခဲ့ခြင်း သို့မဟုတ် လွှဲပြောင်းခဲ့ခြင်း မရှိပါ။

၃.၂. ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေများအပေါ် မွေးရာပါ အခွင့်ရေးရှိကြောင်းနှင့် ထိုနယ်မြေများနှင့် သက်ဆိုင်သောရပိုင်ခွင့်များရှိသည်ဟူ၍ ခိုင်ခိုင်မာမာရပ်တည်သည်။

၃.၃. မည်သည့်အချိန်တွင်အခြေချနေထိုင်ခဲ့သည်ဖြစ်စေ၊ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့ပိုင်နက် နယ်မြေများ၏ အစိတ်အပိုင်းဖြစ်ခဲ့သည်ဟူ၍ အသိအမှတ်ပြုလက်ခံထားခြင်းမရှိသည့် နယ်မြေများအတွင်း မြေယာဆိုင်ရာရပိုင်ခွင့်များရှိသည်ဟူ၍ ခိုင်ခိုင်မာမာရပ်တည်သည်။

၃.၄. မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)၊ ကြားကာလအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အနာဂတ် ကာလဖက်ဒရယ်အစိုးရများတို့သည် ဌာနေတိုင်းရင်းသားများ၏ မူလဘူတကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်အပါအဝင် ၎င်းတို့ဘိုးဘွားပိုင် နယ်မြေများအား မူလဘူတအလုံးစုံပိုင်ဆိုင်ခွင့်နှင့် ထိုပိုက်နက်နယ်မြေများနှင့် သက်ဆိုင်သောရပိုင်ခွင့်များတို့ကို အသိအမှတ်ပြုရမည်။ ဤတွင် ဥပဒေများရေးဆွဲပြဌာန်းကာ ၎င်းတို့ဘိုးဘွားပိုင် နယ်မြေများအတွင်း မြေယာများ နှင့် သယံဇာတများအား ကိုယ်တိုင်စီမံခန့်ခွဲပိုင်ခွင့်လည်း ပါဝင်သည်။

၃.၅. ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စီမံခန့်ခွဲမှုစနစ်များသည် ဌာနေတိုင်းရင်းသားလူမျိုး၏ စရိုက်လက္ခဏာ၊ သက်မွေးလုပ်ငန်းများနှင့် စားနပ်ရိက္ခာ၊ သဘာဝသယံဇာတများအားကာကွယ်ထိန်းသိမ်းမှု၊

လူမှုရေးနှင့်ဘာသာရေးဆိုင်ရာတန်းတူညီမျှမှု၊ စည်းလုံးညီညွတ်မှုတို့နှင့် အပြန်အလှန်ချိတ်ဆက်ကာ အပြန်အလှန်အမှီသဟဲပြုနေသည်။ ဓလေ့ထုံးတမ်းမြေယာ (customary lands) မှာ မြေယာကိုသာဆိုလိုခြင်းမဟုတ်ဘဲ ၎င်းတို့ ဘိုးဘွားပိုင်နယ်မြေအတွင်းရှိ မြေယာနှင့်လူပုဂ္ဂိုလ်များတို့နှင့်သက်ဆိုင်သော ဂေဟစနစ်အားလုံးကို ကိုယ်စားပြုသည်။ ဓလေ့ထုံးတမ်း ဥပဒေ (customary laws) များမှာ ပြောင်းလဲနေသောအုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များနှင့် စိန်ခေါ်မှုများအပေါ်မူတည်ပြီး သုံးသပ်ပြင်ဆင်ကာ မျိုးဆက်တစ်ဆက်မှနောက်တစ်ဆက်သို့ လက်ဆင့်ကမ်းလာခဲ့သည့် စဉ်ဆက်မပြတ်ဆန်းသစ်ပြောင်းလဲနေသောဥပဒေများဖြစ်သည်။

၃.၆. ဌာနေတိုင်းရင်းသားလူမျိုးများ၏ အုပ်ချုပ်ရေးစနစ်များသည် စနစ်တစ်ခုနှင့်တစ်ခု ကွာခြားမှုရှိသည်။ အားလုံးအတွက် သင့်တော်ကောင်းမွန်သည့်စနစ်တစ်ခုဟူ၍ မရှိပေ။ ဌာနေတိုင်းရင်းသားများ၏ အုပ်ချုပ်ရေးစနစ်သည် ၎င်းတို့၏ ဒေသဓလေ့ထုံးတမ်းများ၊ ရိုးရာအစဉ်အလာများ၊ အုပ်ချုပ်ရေးဖွဲ့စည်းမှုပုံစံများ၊ ဥပဒေများတို့နှင့်အညီ အုပ်ချုပ်သောစနစ်ဖြစ်ပြီး အဆိုပါစနစ်၏တရားဝင်မှုသည် ဌာနေတိုင်းရင်းသားများအပေါ်တွင် အခြေခံသည်။

၃.၇. ဓလေ့ထုံးတမ်းဥပဒေ (customary law) သည် မတူခြားနားသောလူမျိုးစုများနှင့် ပထဝီနယ်မြေဒေသများအပေါ်တွင် မူတည်ပြီး ကွဲပြားခြားနားသည်။ ထိုသို့မတူကွဲပြားမှုကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် ဥပဒေနှင့် မူဝါဒရေးရာစာချုပ်တိုင်းတွင် အသိအမှတ်ပြုရမည်။ ဓလေ့ထုံးတမ်း ဥပဒေ (customary law) အား နိုင်ငံ၏ဥပဒေပြုရေးအဖွဲ့မှတရားဝင်ချမှတ်ပြဋ္ဌာန်းထားသောဥပဒေ (statutory law) နှင့် တန်းတူအဆင့်အတန်းအဖြစ် သတ်မှတ်ပေးအပ်ရမည်။

၃.၈. လက်ရှိ ပြဋ္ဌာန်းဥပဒေများနှင့် ပြဋ္ဌာန်းဥပဒေပါ မြေယာအမျိုးအစားသတ်မှတ်ချက်များနှင့် စနစ်များက ပကတိမြေပြင်အခြေအနေကို ကိုယ်စားပြု ထင်ဟပ်ခြင်းမရှိပါ။ စိုက်ပျိုးမြေ၊ သစ်တောမြေနှင့် အခြားမြေအမျိုးအစားများကို ပြန်လည်သတ်မှတ်ရန် ဌာနေတိုင်းရင်းသားများ၏ ရပ်ရွာလူမှု အသိုက်အဝန်းများထံမှ အသိအမြင်များနှင့်အကြံဉာဏ်များရယူပြီး ဌာနေတိုင်းရင်းသားများကို ဦးဆောင်စေသည့် လုပ်ငန်းစဉ်တစ်ရပ်လိုအပ်သည်။ သို့မှသာ နောင်ကာလဖက်ဒရယ်အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်တို့က အဆိုပါမြေယာအမျိုးအစား သတ်မှတ်ချက်များနှင့်စနစ်များကို ကောင်းစွာနားလည်သိမြင်ပြီး လေးစားလိုက်နာမှုရှိမည်ဖြစ်သည်။ မြေယာအမျိုးအစားသတ်မှတ်ချက်များတွင် ဓလေ့ထုံးတမ်းစနစ်ပုံစံများ၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြေဆီသြဇာထိန်းသိမ်းရန်အတွက် အလွန်အရေးပါသည့် အလှည့်ကျအနားပေးစိုက်ပျိုးရေးစနစ် (rotational fallow farming systems) များကိုပါ ထည့်သွင်းရမည်။

၃.၉. ကျားမအခြေပြု လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာမညီမျှမှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအလို့ငှာ အမျိုးသမီးများတွင် စီးပွားရေးဆိုင်ရာအရင်းအမြစ်များ တန်းတူရယူအသုံးပြုပိုင်ခွင့်နှင့် မြေယာနှင့် အခြားပိုင်ဆိုင်မှုပုံစံများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုများ၊ အမွေဥစ္စာပစ္စည်းများနှင့် သဘာဝသယံဇာတများအား တန်းတူပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့် ရှိစေရန် ဆောင်ရွက်ရမည်။ ယင်းသည် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှစတင်ချမှတ်ဖော်ဆောင်ခဲ့

သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (ကျားမတန်းတူရေးဆိုင်ရာ SDG 5) နှင့် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးသဘောတူခဲ့သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာပြဋ္ဌာန်းချက် (CEDAW) တို့ကို ထပ်လောင်းအတည်ပြုခြင်းဖြစ်သည်။

၃.၁၀. ဆယ်စုနှစ် စစ်အစိုးရနှင့် အရပ်ဘက်အစိုးရများသည် ၎င်းတို့၏ အကျိုးစီးပွားများအတွက် ဌာနေတိုင်းရင်းသား နယ်မြေများကို ကျူးကျော်သိမ်းပိုက်ခြင်း၊ တရားမဝင် သိမ်းယူခြင်းနှင့် မြေသိမ်းခြင်းများ ပြုလုပ်ခဲ့ခြင်းကြောင့် ထိုဆုံးရှုံးနစ်နာမှုများကို ပြန်လည်ကုစားရန် ပြီးပြည့်စုံသော မြေယာပြုပြင်ပြောင်းလဲမှု တရပ်ဖော်ဆောင်ရန် လိုအပ်သည်။ ကြားကာလနှင့် အနာဂတ် ဖက်ဒရယ်စနစ်တွင် မြေယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် ဌာနေလူမှုအသိုက်အဝန်းနှင့် နယ်မြေတစ်ခုစီတွင်ရှိနေသည့် ဓလေ့ထုံးတမ်းအာဏာပိုင်များ၊ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကွဲလွဲဖြစ်တည်မှုများကို အသိမှတ်ပြုလေးစားလိုက်နာကာ အောက်ခြေအဆင့် ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ စစ်အာဏာရှင်စနစ်မှ လွတ်မြောက်ခဲ့သော နိုင်ငံအများအပြားသည် အမျိုးသားအဆင့် မြေယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခဲ့ကြသော်လည်း ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဓလေ့ထုံးတမ်းမြေယာ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လေးစားလိုက်နာကြပြီး အာဏာမဲ့၊ ကျော့မွဲ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို အောင်အောင်မြင်မြင် လေးစားလိုက်နာ အကောင်ထည်ဖော်သည့် အခင်းကျင်းမှာ အနည်းငယ်သာ ရှိသေးသည်။ အောက်ခြေမှ စတင်အကောင်ထည်ဖော်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်သင့်ပြီး၊ ယင်းတွင် က) လယ်ယာမြေများနှင့် ၎င်းတို့၏ သမိုင်းကြောင်းဆိုင်ရာ ဆက်နွယ်မှုကို သက်သေပြရန် ရပ်ရွာလူထုများနှင့် ခ) တောင်းဆိုမှုများကို ရပ်ရွာအခြေပြု ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းအတွက် စနစ်များကို သတ်မှတ်ပေးခြင်းအားဖြင့် ရပ်ရွာလူထုသည် ၎င်းတို့ထံမှ သိမ်းယူထားသော လယ်ယာမြေများအတွက် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ပြန်လည်ရရှိစေမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်များတွင် ဆယ်စုနှစ်များစွာ စစ်တပ်မှ အတင်းအကျပ် တွန်းအားပေး ရွှေ့ပြောင်းမှုများကြောင့် ဖြစ်ပေါ်လာမည့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားပွတ်တိုက်မှုများ၊ တောင်းဆိုမှုများ အများအပြား ပေါ်ပေါက်လာနိုင်ပြီး၊ ရွှေ့ပြောင်းသူများ၊ ဌာနေနယ်မြေများရှိ ရပ်ရွာလူထုများနှင့် ဓလေ့ထုံးတမ်းစနစ်များသည် မြေယာတောင်းဆိုသူများကို အသိအမှတ်ပြုရန် လုပ်ငန်းစဉ်များကို လုပ်ဆောင်သင့်ပြီး ရပ်ရွာဓလေ့ထုံးတမ်း အခွင့်အရေးများကို အသိအမှတ်ပြုရန်နှင့် ဘိုးဘွားပိုင်မြေယာဆိုင်ရာ တောင်းဆိုမှုများကို လေးစားအသိမှတ်ပြုရန်အတွက် တရားမျှတသောစနစ်များ လုပ်ဆောင်ရမည်ဖြစ်သည်။ 5Rs ၏ အခြေခံမူများ (အသိမှတ်ပြုခြင်း၊ ပြန်လည်ကုစားခြင်း၊ ပြန်လည်ခွဲဝေခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကိုယ်စားပြုခြင်း) သည်လည်း ဥပမာတစ်ခုဖြစ်သည်။ ဌာနေ အသိုင်းအဝိုင်းများသည် ၎င်းတို့အတွက် မြေယာပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရန် ပြင်ပအဖွဲ့အစည်းများအား တောင်းဆိုနေခြင်း မဟုတ်ပါ။

၃.၁၁. မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာကြာမြင့်သော ပြည်တွင်းစစ်၊ လက်နက်ကိုင်ပဋိပက္ခနှင့် စစ်ဘောင်ချဲ့ခြင်းတို့ကို ကြုံတွေ့ခံစားလာခဲ့ရသည်ဖြစ်ရာ လူပေါင်းမြောက်များစွာတို့မှာ နေရပ်စွန့်ခွာတိမ်းရှောင်နေခဲ့ရသည်။

ခရိုနီစနစ်၊ မြေသိမ်းခြင်း၊ ဘိုးဘွားပိုင်နယ်မြေများအား မူလဘူတပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုမှုမရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်များတို့ကြောင့်လည်း ပြည်သူများမှာ ၎င်းတို့၏နေရပ်များကို စွန့်ခွာနေခဲ့ရသည်။ ထိုသို့ နေရပ်စွန့်ခွာပြောင်းရွှေ့မှုကြောင့် ၎င်းတို့၏မြေယာဆိုင်ရာရပိုင်ခွင့်များနှင့် ၎င်းတို့၏ မြေယာအုပ်ချုပ်ရေး စနစ်များ နှင့်အညီ နေထိုင်ပိုင်ခွင့်တို့ကို ဆုံးရှုံးရခြင်းမျိုး မဖြစ်သင့်ပေ။ စစ်ဘေးရှောင် (IDPs) များနှင့် ဒုက္ခသည်များသည် ၎င်းတို့၏ ဘိုးဘွားပိုင်မြေနှင့် ဆက်စပ်သဘာဝသယံဇာတများအား ၎င်းတို့၏ထုံးတမ်းစဉ်လာ မြေယာစီမံခန့်ခွဲမှု စနစ်များနှင့်အညီ အသုံးပြုစီမံပိုင်ခွင့်ကို ဆက်လက်ပိုင်ဆိုင်ခွင့်ရှိရမည်။ ကိစ္စရပ်အများစုတွင် စစ်ဘေးရှောင်များနှင့် ဒုက္ခသည်များတို့က ၎င်းတို့၏မြေများပေါ်တွင်လက်ရှိနေထိုင်နေခြင်းမရှိသောကြောင့် ၎င်းတို့၏ ရပိုင်ခွင့်များကို ထုတ်ဖော်တောင်းဆိုနိုင်မည် မဟုတ်သော်လည်း တတ်နိုင်သမျှ အတိုင်းအတာအထိ ထိုသူတို့၏ ရပိုင်ခွင့်များကို အသိအမှတ်ပြုရမည့် အပြင် အသိအမှတ်ပြုရေးနှင့် ပြန်လည်ကုစားပေးရေးဆိုင်ရာ စနစ်များကို ချမှတ် အကောင်အထည်ဖော်ရမည်။ ၎င်းတို့၏ မူလဘူတ ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ချိုးဖောက်ခြင်းမျိုး မရှိစေရေးအတွက် လုပ်ငန်းအစီအမံများ ချမှတ်ဖော် ဆောင်ရမည်။ ယင်းလုပ်ငန်းစဉ်တွင် ခွဲခြားဆက်ဆံခြင်းကင်းမဲ့မှု၊ ကျားမတန်းတူညီမျှမှု၊ နေအိမ်၏ လွတ်လပ်လုံခြုံခွင့်နှင့် နေအိမ်အပေါ်လေးစားမှု၊ ပိုင်ဆိုင်မှုများကို လွတ်လပ်စွာခံစားနိုင်မှု၊ လွတ်လပ်စွာ သွားလာနိုင်မှုတို့ကို ရပိုင်ခွင့်များနှင့်အညီ ဘေးအန္တရာယ်ကင်းစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ခွင့် စသည် Pinheiro အခြေခံမူများ[3]ကို ထည့်သွင်း စဉ်းစားသင့်သည်။

### အပိုင်း (၄) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆက်နွယ်မှု (Part 4: Relation to Constitution)

၄.၁. ဤမူဝါဒကို ရေးဆွဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ (Constitutional terms) ကို ထိန်းချုပ်ရန် သို့မဟုတ် အစားထိုးရန် ဦးတည်ရည်ရွယ်ခြင်းမရှိပါ။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များကို ခိုင်ခိုင်မာမာ အတည်ပြုရန်အတွက် လိုအပ်သော ပြဋ္ဌာန်းချက်များဖြစ်သည်။

၄.၂. ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များအား အသိအမှတ်ပြုမှု ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် အထွဋ်အမြတ်ထားထည့်သွင်း ပြဋ္ဌာန်းရမည်။ အဆိုပါကတိ ကဝတ်သည် ဖယ်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုသစ်တစ်ခု ဖြစ်ထွန်း ပေါ်ပေါက်ရေး ကတိကဝတ်အတွက် အခြေခံ ရမည့် အကြောင်းအရာဖြစ်သည်။ အဆိုပါကတိကဝတ် မရှိလျှင် ဌာနေတိုင်းရင်းသားများတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ်တစ်ခုဆီသို့ ရှေ့ဆက်လျှောက်လှမ်း နိုင်ရန်အတွက် အခြေခံရမည့်ဥပဒေပြဋ္ဌာန်းချက်များရှိမည် မဟုတ်ပေ။

---

[3] https://www.unhcr.org/protection/idps/50f94d849/principles-housing-property-restitution-refugees-displaced-persons-pinheiro.html

၄.၃. ပြည်နယ်/တိုင်းဒေသကြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (State/region Constitution) ရေးဆွဲရာ၌လည်း ဌာနေတိုင်းရင်းသားများ၏ ၎င်းတို့ဘိုးဘွားပိုင်နယ်မြေများနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များကို အသိအမှတ်ပြုရမည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် သီးခြားစီရင်ဆုံးဖြတ်ပိုင်ခွင့်အောက်ရှိ နယ်မြေများနှင့် အခွင့်အာဏာများ (jurisdictions and authorities) ကိုသတ်မှတ်ရာတွင် အဆိုပါ အသိအမှတ်ပြုမှုအပေါ် အခြေခံရမည်။ ပြည်နယ်/ တိုင်းဒေသကြီး အဆင့်များတွင် အဆိုပါကတိကဝတ်မရှိလျှင် ဌာနေတိုင်းရင်းသားများ အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသစ်တစ်ခုသို့ ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အခြေခံရမည့် ဥပဒေပြဋ္ဌာန်းချက်များ ရှိမည် မဟုတ်ပေ။

## အပိုင်း (၅) မြန်မာနိုင်ငံ၏ အနာဂတ်ကာလဖက်ဒရယ်စနစ်နှင့်ဆက်နွယ်မှု (Part 5: Relation to future federal system in Myanmar)

၅.၁. ဌာနေတိုင်းရင်းသားများ၏ ၎င်းတို့ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များအား အသိအမှတ်ပြုမှုကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်တွင် အထွင့်အမြတ်ထားထည့်သွင်း ပြဋ္ဌာန်းရမည်။ အဆိုပါကတိ ကဝတ်သည် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုသစ် တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေး ကတိကဝတ်အတွက် အခြေခံ ရမည့် အကြောင်းအရာတစ်ရပ် ဖြစ်သည်။ အဆိုပါဥပဒေအရ တရားဝင်အသိအမှတ်ပြုမှုကို လုံလောက်စွာအတည်ပြု ပြဋ္ဌာန်းပြီးလျှင် (ဖက်ဒရယ် အဆင့်နှင့် ပြည်နယ်အဆင့်ကဲ့သို့သော) အခြားသောသီးခြားစီရင်ဆုံးဖြတ်ပိုင်ခွင့် အောက်ရှိနယ်မြေများ (jurisdictions) အတွက် အနာဂတ်ကာလဖက်ဒရယ်စနစ်တစ်ခု၏ သတ်မှတ်ပြဋ္ဌာန်းချက် များနှင့် သီးခြား စီရင်ဆုံးဖြတ် ပိုင်ခွင့်အောက်ရှိနယ်မြေ (jurisdictions) တစ်ခုနှင့်တစ်ခုကြားမှဆက်နွယ်မှုပုံစံတို့ နှင့်ပတ်သက်၍ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဆွေးနွေးရန် မှန်ကန်သင့်လျော်သော အချိန်အခါဖြစ်သည်။ ထိုပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အတည်ပြုပြဋ္ဌာန်းခြင်းမရှိလျှင် ဌာနေတိုင်းရင်းသားများမှာ နစ်နာဆုံးရှုံးသူများသာဖြစ်မည်။ သို့ဖြစ်ရာ ရပိုင်ခွင့်များကို ဦးစွာရှင်းလင်းဖွင့်ဆိုသတ်မှတ်ပြီးမှ ဖက်ဒရယ်ဖွဲ့စည်းမှုပုံစံ (federal design) ကို သင့်လျော်မှန်ကန်စွာ စီစဉ်ရေးဆွဲရမည်။

၅.၂. ဌာနေတိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ၎င်းတို့ဘိုးဘွား ပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များအရ ဖက်ဒရယ်အဆင့်အစိုးရကသော်လည်း၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရက သော်လည်းကောင်း ၎င်းတို့၏ မူလဘူတရပိုင်ခွင့်များကို ချိုးဖောက်ခွင့် မရှိပါ။ ထို့အစား ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့များသည် ဌာနေတိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့နှင့် အစိုးရ-အစိုးရချင်းဆက်ဆံသည့် ပုံစံတစ်ရပ်ဖြင့် ရိုးသားစွာ စေ့စပ်ညှိနှိုင်းရမည်ဖြစ်သည်။ ၎င်းတို့၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အောက်ရှိ နယ်မြေများနှင့် အခွင့်အာဏာများ (jurisdictions and authorities) အလိုက် ၎င်းတို့၏သက်ဆိုင်ရာအကျိုးစီးပွားများကို ချိန်ညှိသတ်မှတ်နိုင်ရန် အတွက်ဖြစ်သည်။

၅.၃. တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့် ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများ၏ စီမံအုပ်ချုပ်ရေး အဖွဲ့အနေဖြင့် မူလဘူတကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ၎င်းတို့ဘိုးဘွားပိုင် နယ်မြေများနှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များ ရှိသည်ဟု အသိအမှတ်ပြုရမည်။ သမိုင်းစဥ်ဆက် မျက်မှောက်ကာလထိတိုင် အဆိုပါရပိုင်ခွင့်များကို ပျက်ပြယ်စေသည့် မည်သည့်ပုံစံတစ်ခုခုဖြင့် လက်လွှတ်ခဲ့ခြင်း၊ ပေးအပ်ခဲ့ခြင်း သို့မဟုတ် ရောင်းချခဲ့ခြင်းမရှိပါ။

၅.၄. တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့စည်းများနှင့် ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများတွင် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးစနစ်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှိနှင့်နေပြီးဖြစ်သည်။ အဆိုပါ စီမံခန့်ခွဲရေးစနစ်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ကို မတူခြားနားသောအတိုင်းအတာဖြင့် ချမှတ်ပြဌာန်းထားခဲ့ပြီး သို့မဟုတ် ရေးဆွဲနေပြီဖြစ်သည်။ ၎င်းတို့ကို အနာဂတ်ကာလ ဖက်ဒရယ် စနစ်တစ်ခုအတွင်း ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာ ရှိသည့် အမျိုးသားအဆင့်အောက်ရှိ သီးခြားစီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည့်နယ်မြေများ (sub-national units of jurisdiction) အဖြစ် အသိအမှတ် ပြုရမည်။

၅.၅. မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့စည်းများနှင့် ဌာနေတိုင်းရင်းသား စီမံအုပ်ချုပ်ရေးစနစ်များ၊ ဥပဒေများ နှင့်လုပ်ထုံးလုပ်နည်းများမှာ 'ပြည်နယ်/တိုင်းဒေသကြီးအဆင့်' မဟုတ်သကဲ့သို့ 'မြို့နယ်အဆင့်' လည်းမဟုတ်ပေ။ ၎င်းတို့၏ ပထဝီတည်နေရာ ပိုင်းခြားသတ်မှတ်ချက်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲ ရေးအဆင့်များနှင့် ကိုက်ညီမှုမရှိပေ။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ယခင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ၎င်းတို့၏အခွင့်အာဏာကို အသိအမှတ်ပြုထားခြင်းမျိုး မရှိပေ။ ၁၉၄၇ ပင်လုံသဘောတူညီချက်စာချုပ်က ၎င်းတို့၏အခွင့်အာဏာကိုအသိအမှတ်ပြုပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု၏စိတ်ဓာတ်ကို ထင်ဟပ်ဖော်ပြသော ဥပဒေစာချုပ်စာတမ်းတစ်ရပ်ဖြစ်သည်။

၅.၆. အနာဂတ်ကာလဖက်ဒရယ်စနစ်တစ်ရပ်တွင် ဌာနေတိုင်းရင်းသား အစိုးရတစ်ရပ်၏မည်သည့်အဆင့်ကိုမျှ 'အကျိုးသက်ဆိုင်သူ (stakeholder)' တစ်ဦးဟူ၍ ဖော်ညွှန်းခြင်းမပြုရ။ ၎င်းတို့သည် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးစနစ်များ၊ ဥပဒေ များနှင့်လုပ်ထုံးလုပ်နည်းများ (EAOs အချို့ကဲ့သို့ လုပ်ထုံးလုပ်နည်းများဖြင့် သို့မဟုတ် ဓလေ့ထုံးတမ်းစနစ်အလေ့အထများ သမရိုးကျစနစ် အပေါ်အခြေခံပြီး လည်ပတ်နေသည့်) အစိုးရများ (governments) ဖြစ်သည်။

၅.၇. သို့ဖြစ်ရာ ဌာနေတိုင်းရင်းသားနယ်မြေ အုပ်ချုပ်ရေးဆိုင်ရာစီမံခန့်ခွဲရေးစနစ်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများသည် အဆိုပါနယ်မြေဒေသများနှင့် အကျုံးဝင်သက်ဆိုင်သည်။ အဆိုပါနယ်မြေ ဒေသများအတွက် ဆုံးဖြတ်ချက်ချမှတ် ပိုင်ခွင့်အာဏာကို ဌာနေတိုင်းရင်းသား/လူမျိုးစု အုပ်ချုပ်ရေးစနစ်များမှ ဆက်ခံရရှိပြီး အဆိုပါစနစ်တွင်ပါဝင်နေ သူများထံ တာဝန်ခံရမည်ဖြစ်သည်။ ဖက်ဒရယ်အဆင့်နှင့်

All Burma Indigenous Peoples' Alliance
ABIPA

ပြည်နယ်/တိုင်းဒေသကြီးအဆင့်များမှ အစပြုသည့် မူဝါဒများနှင့်ရည်မှန်းချက်များတို့နှင့် ဌာနေတိုင်းရင်းသား အုပ်ချုပ်ရေးအဖွဲ့၏ မူဝါဒများနှင့်ရည်မှန်းချက်များကြား ကိုက်ညီမှု ရှိစေရန် အစိုးရများအကြား ဆက်ဆံသည့် ပုံစံတစ်ခုဖြင့် အပြန်အလှန်ဆွေးနွေးတိုင်ပင်ပြီး အသိပေးအကြောင်း ကြားရမည်။

၅.၈. ဌာနေတိုင်းရင်းသားနယ်မြေများတွင် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုများအားလုံး (သတ္တုတူးဖော်ခြင်း၊ ကျောက် မျက်ရတနာများ/ကျောက်စိမ်းတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ်ဆည်/စက်ရုံတည်ဆောက်ခြင်း၊ ငါးဖမ်းခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်း စသည်)၊ ဆက်စပ်အခွန်အကောက်များစည်းကြပ် ကောက်ခံမှု၊ တူးဖော်ထုတ်လုပ်မှုနှုန်းများ၊ ခွင့်ပြုချက်ပေးအပ်မှု စသည်တို့ကို ဌာနေတိုင်းရင်းသား အုပ်ချုပ်ရေးအဖွဲ့က ၎င်းတို့၏ဥပဒေများ၊ မြေယာအသုံးပြုမှုစီမံချက်များနှင့် ဓလေ့ထုံးတမ်းစနစ်အလေ့အထများတို့နှင့်အညီ သတ်မှတ်ဆုံးဖြတ်မည်ဖြစ်သည်။

၅.၉. တရားဝင် သို့မဟုတ် တရားဝင်မဟုတ်သည့် ဌာနေတိုင်းရင်းသား နယ်မြေအုပ်ချုပ်မှုစနစ်ချမှတ်ဖော်ဆောင်ခြင်းမရှိသည့် နယ်မြေများတွင် ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများထံမှ ၎င်းတို့၏သိမြင်နားလည်မှုအပေါ်အခြေခံသည့် လွတ်လပ်သော ကြိုတင်သဘောတူခွင့်ပြုချက် (FPIC)[4] ကို ရယူရမည်။ ဌာနေတိုင်းရင်းသားလူမျိုးများတွင် ငြင်းဆန်ပိုင်ခွင့် အပြည့်အဝ ရှိရမည့်အပြင် ခြိမ်းခြောက်ဖိအားပေးမှုများမှကင်းလွတ်ခွင့်ရှိရမည်။

၅.၁၀. အစိုးရအခွန်ဘဏ္ဍာရရှိမှုနှင့် အစိုးရ၏ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုကို မြန်မာနိုင်ငံတွင်း သမိုင်းစဉ်ဆက်ယနေ့ထိတိုင် ဖြစ်တည်လာခဲ့သည်ထက် ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည့် အလားအလာကို သိမြင်နားလည်မှုဖြင့် ဌာနေတိုင်းရင်းသားများသည် ‘ဖက်ဒရယ် သယံဇာတအုပ်ချုပ်မှုစနစ် (resource federalism)’ နှင့် သဘာဝသယံဇာတ ဝင်ငွေများအားမျှဝေအသုံးပြုရေး ကိစ္စရပ်များကို ဆွေးနွေးသွားရန် စိတ်ဆန္ဒရှိပါသည်။ သို့သော် ၎င်းတို့၏ ဘိုးဘွားပိုင်နယ်မြေများနှင့်သက်ဆိုင်သော ဌာနေတိုင်းရင်းသားလူမျိုးများ၏ ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များကို အနာဂတ်ကာလ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတစ်ခုအတွင်း ဥပဒေအရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်အသိအမှတ်ပြုခြင်း ခံရပြီးမှသာ ဆွေးနွေးသွားရန်ဖြစ်သည်။ မြေယာကိစ္စရပ်နှင့် ပတ်သက်၍ ဌာနေတိုင်းရင်းသားလူမျိုးများအား ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လုံလောက်သည့် အာမခံချက်ပေးအပ်ခြင်းမရှိလျှင် ‘ဖက်ဒရယ်သယံဇာတအုပ်ချုပ်မှုစနစ် (resource federalism)’ နှင့် ‘(ဖက်ဒရယ်ဘဏ္ဍာငွေစီမံခန့်ခွဲရေးစနစ် (fiscal federalism))’ တို့ကို ဆွေးနွေးရန် အကြောင်းမရှိပေ။ ယင်းမှာ ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သောပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များအပေါ် ဆိုးကျိုး သက်ရောက် လာမည်ဖြစ်သည်။

၅.၁၁. ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေနှစ်များ၊ ဓိသုကာလက်ရာများ၊ ပြယုဂ်များ၊ အဆင်ပုံစံများ၊ အနုပညာ၊ အလေ့အထများနှင့် ဉာဏမူပိုင်ခွင့်တို့အား ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဌာန်းပေးရမည်။

[4] https://www.uncclearn.org/wp-content/uploads/library/un-redd05.pdf

All Burma Indigenous Peoples Alliance
ABIPA

၅.၁၂. ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်နယ်မြေအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ခွင့်ပြုချက်များ၊ လုပ်ငန်းစဉ် အဆင့်ဆင့်တွင် ဌာနေတိုင်းရင်းသားများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အသစ်တွေ့ရှိမှုများအတွက ဒေသမျိုးရင်းမှုပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းပေးရမည်။

## အပိုင်း (၆) အခြေခံမှုများနှင့် ကြားကာလမြေယာမူဝါဒများကြား ဆက်နွယ်မှု (Part 6: Relation of Principles to interim land policies)

၆.၁.မြန်မာနိုင်ငံ၏ ဖက်ဒရယ် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် ချမှတ်ဖော်ဆောင်သော မြေယာမူဝါဒများသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များကို အသိအမှတ်ပြုရမည်။ ထို့အတွက် အဆိုပါအသိအမှတ်ပြုမှုကို ရေးဆွဲချမှတ်သောမူဝါဒတိုင်းတွင် အတည်ပြု ပြဌာန်းနိုင်သည့်အပြင် အဆိုပြုထားသောမူဝါဒ၏ အခွင့်အာဏာနှင့် စီမံဆုံးဖြတ်ပိုင်ခွင့် နယ်ပယ်ကို သတ်မှတ်ရာ တွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ နယ်မြေအတွင်းသို့ရောက်ရှိမသွားအောင် ရှင်းရှင်းလင်းလင်း ရေးဆွဲသတ်မှတ်နိုင်သည်။

၆.၂. ကြားကာလမြေယာမူဝါဒများသည် ဌာနေတိုင်းရင်းသား ပိုင်နက်နယ်မြေများအပေါ် ဖက်ဒရယ်အဆင့် အခွင့်အာဏာ၏ လွှမ်းမိုးသက်ရောက်မှုကို လုံးဝငြင်းဆန်ရမည်။ ထိုကဲ့သို့သောအခွင့်အာဏာသည် စစ်တပ် ကြီးစိုးမှုနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဆိုးမွေတစ်ရပ်ဖြစ်သည်။

၆.၃. မြန်မာစစ်တပ်က ဖက်ဒရယ်အစိုးရအားထိန်းချုပ်ထားခဲ့သည့် အရေးပေါ်ကာလ (သို့မဟုတ် 'တော်လှန်ရေး ကာလ') အတွင်း မြေသိမ်းယူမှုနှင့် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုတို့ကို ရပ်ဆိုင်းထားရမည်။ တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့်ရပ်ဆိုင်းသင့်ပြီး ကြားကာလမြေယာမူဝါဒများတွင် ထိုသို့ရပ်ဆိုင်းမှုကို ထည့်သွင်းပြဌာန်း ရမည်ဖြစ်သည်။

၆.၄. ဌာနေတိုင်းရင်းသားလူမျိုးများ၏ အုပ်ချုပ်ရေးအဖွဲ့က ဒေသတွင်းမြေအသုံးပြုမှုမူဝါဒများ၊ ဓလေ့ထုံးတမ်းဥပဒေများနှင့် အခြားသော ဓလေ့ထုံးတမ်း စနစ်အလေ့အထများနှင့်အညီ ခွင့်ပြုထားခဲ့ခြင်းမျိုး မဟုတ်လျှင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘိုးဘွားပိုင် မြေများပေါ်တွင် မြေသိမ်းယူမှုနှင့် သဘာဝ သယံဇာတများတူးဖော်ထုတ်လုပ်မှုတို့ကို ရပ်ဆိုင်း ထားရမည်။ ထိုသို့ ရပ်ဆိုင်းမှုကို ကြားကာလ မြေယာမူဝါဒများတွင် ထည့်သွင်းပြဌာန်းရမည်။

၆.၅. ကြားကာလမြေယာမူဝါဒများသည် အောက်ပါအချက်များကို သိမြင်နားလည်လျက် 'အန္တရာယ်မဖြစ်စေရေး (do-no-harm)' ချဉ်းကပ်ပုံနည်းလမ်းကို လိုက်နာကျင့်ကြံရမည်။

(က) သိန်းသန်းချီသောပြည်သူများက ၎င်းတို့၏ဘိုးဘွားပိုင်နယ်မြေများမှ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည်။ ယင်းကာလတွင် ၎င်းတို့သည် ၎င်းတို့၏မြေယာများအား ဥပဒေအရ ကာကွယ်

ပေးထားခြင်းမရှိပေ။ အချို့မှာ အခြားနိုင်ငံများတွင်ရောက်ရှိနေပြီး အချို့ကမူ စစ်ဘေးရှောင်များ အဖြစ်ရှိနေကြသည်။

(ခ) ထိုသူတို့၏မြေယာဆိုင်ရာရပိုင်ခွင့်များကို အသိအမှတ်ပြုရန်နှင့် ပြန်လည်ပေးအပ်ရန် အတွက် သင့်တော်ကောင်းမွန်သောစနစ်များကို တဖြည်းဖြည်းချမှတ်ဖော်ဆောင်သွားရမည်။

(ဂ) Pinheiro အခြေခံမူများနှင့် 5Rs အခြေခံမူများ (အသိအမှတ်ပြုခြင်း၊ ပြန်လည်ပေးအပ်ခြင်း၊ ပြန်လည်ဝေငှခြင်း၊ ပြန်လည် အားဖြည့်ခြင်းနှင့် ကိုယ်စားပြုခြင်း) ကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိုသူတို့၏မူလဘူတပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့် များကို ချိုးဖောက်ခြင်းမျိုးမရှိစေရန် လုပ်ငန်းအစီအမံများ ချမှတ်ဖော်ဆောင်ရမည်။ နစ်နာမှုဖြေရှင်းရေးယန္တယား (grievance mechanisms) များကို လုံလောက်သော အတိုင်းအတာအထိ အကောင်အထည်ဖော်ဆောင်ရွက် ရမည်။

## အပိုင်း (၇) လုပ်ထုံးလုပ်နည်းများနှင့် ကျင့်ထုံးစနစ်များဆိုင်ရာ (Procedures and Protocols)

၇.၁. နောင်လာမည့်ကာလတွင် မြန်မာနိုင်ငံအတွင်း ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက် လာစေရန် ရှေးရှုအားထုတ်ဆောင်ရွက်နေသည့် အကျိုးသက်ဆိုင်သူ (actors) များအားလုံး (CRPH ၊ NUCC ၊ NUG ၊ EAOs ၊ ပြည်သူ့ညီလာခံ၊ တိုင်းရင်းသားလူမျိုးစု ကြားကာလပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် အခြားအစုအဖွဲ့များ) သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ၎င်းတို့ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များကို ဥပဒေအရအတည်ပြုပြဋ္ဌာန်းရမည်။ ဖက်ဒရယ်ဖွဲ့စည်းမှုပုံစံ (federal design) ဆက်လက်ရေးဆွဲနိုင်ရန် အခြေခံရမည့်အကြောင်းအရာတစ်ခုအဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်။ အဆိုပါအတည်ပြုချက်ကို ပေးအပ်ခြင်း မရှိပါက ထိုရပိုင်ခွင့်များအားအသိအမှတ်ပြုမှုနှင့်ပတ်သက်သည့် ယနေ့အထိမှတ်တမ်းမှတ်ရာများကို ထည့်သွင်း စဉ်းစားလျှင် ဆက်လက်ရှေ့ဆက်သွားရန် အကြောင်းများမရှိပေ။

၇.၂. ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘိုးဘွားပိုင်နယ်မြေနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်နှင့်ရပိုင်ခွင့်များအား အသိအမှတ်ပြုမှု ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် သက်ဆိုင်ရာ ဥပဒေမူဘောင်တွင် အထွင့်အမြတ်ထားထည့်သွင်းပြဋ္ဌာန်းရမည်။

၇.၃. အပိုဒ် (၇.၂.) ကိုလုံလောက်အောင်ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ရှိသူများ၏ ကိုယ်စားလှယ်များကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲမှုတွင် ထည့်သွင်းရမည်။ ၎င်းတို့၏ အသံများနှင့် ရှုထောင့်အမြင်များကို အသိမှတ်ပြု၊ လေးစား တန်ဖိုးထားရမည်။

All Burma Indigenous Peoples Alliance
ABIPA

၇.၄. ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘိုးဘွားပိုင်နယ်မြေများနှင့်သက်ဆိုင်သောပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များအား အသိအမှတ်ပြုမှုကို ပြည်နယ်/တိုင်းဒေသကြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှု လုပ်ငန်းစဉ်များတွင် အထွင့်အမြတ်ထား ထည့်သွင်းရမည်။ နယ်မြေဒေသတွင်းကျင့်ကြံဆောင်ရွက်မှုပုံစံများ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတို့အပေါ် မူတည်ပြီး ကွဲပြားခြားနားမှုရှိမည်ဖြစ်သည်။ သို့သော် အဆိုပါ အမျိုးသားအဆင့်အောက် ဖွဲ့စည်းပုံအခြေခံဥပဒေများ (sub-national constitutions) သည် ဖက်ဒရယ်အဆင့်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ကတိကဝတ်နှင့် ကိုက်ညီမှုရှိရမည့် အပြင် ထိုကတိကဝတ်ကိုထိန်းသိမ်းကာကွယ်ရမည်။ ပြည်နယ်/ တိုင်းဒေသကြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှုတွင် ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ရှိသူများ၏ ကိုယ်စားလှယ်များကို ထည့်သွင်းရမည်။ ၎င်းတို့၏အသံများနှင့် ရှုထောင့် အမြင်များကို လေးစားတန်ဖိုးထားရမည်။

၇.၅. ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုချင်းစီအတွင်း ဓလေ့ထုံးတမ်း ရပ်ရွာလူမှုအသိုက်အဝန်းများထံမှရရှိသည့် အသိအမြင်များနှင့်အကြံဉာဏ်များဖြင့် ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေလာကတိကဝတ်များနှင့် ကိုက်ညီမှုရှိ သည့် အစားထိုးစနစ်တစ်ရပ်ကို သဘောတူချမှတ်နိုင်ခြင်းမရှိသေးမီအချိန်အထိ ဖက်ဒရယ်အဆင့်အစိုးရသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း စီမံအုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ၊ ဥပဒေများနှင့် မူဝါဒများတို့နှင့် ပတ်သက်၍ ဝင်ရောက်မစွက်ဖက်ရေးမူ (non-interference) ကို လိုက်နာကျင့်သုံးရမည်။

၇.၆. ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကတိကဝတ်များကို ရှင်းရှင်းလင်းလင်းသတ်မှတ်ပြီးနောက် ဆက်လက်ကျင့်သုံး ဖော်ဆောင်သွားမည့် အောက်ပါကျင့်ထုံးစနစ်များ၊ လုပ်ထုံးလုပ်နည်းများတို့နှင့်ပတ်သက်၍ ဌာနေတိုင်းရင်းသား လူမျိုးများကြားတွင် ကြားကာလသဘောတူညီချက်တစ်ရပ် ရေးဆွဲချမှတ်သွားမည်ဖြစ်သည်။ ၎င်းတို့မှာ -

၇.၆.၁. ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အောက်တွင် မြေယာဆိုင်ရာ (နှင့်အခြား) ဥပဒေများ ရေးဆွဲခြင်းကို မည်သို့ဆက်လက်ဆောင်ရွက်သွားမည်၊ ဤတွင် ယခင်ဥပဒေများနှင့်မူဝါဒများမှ မည်သည့် အကြောင်းအချက်များကို ဆက်လက်ထိန်းသိမ်းနိုင်မည်၊ (သင့်လျော်ပါက) မည်သည့်ဥပဒေများနှင့်မူဝါဒ များက အလုံးစုံပြန်လည်သုံးသပ်ပြင်ဆင်ရန်နှင့် ပြန်လည်ပုံစံချ ရေးဆွဲဖန်တီးရန် လိုအပ်သည်ဟူ၍ အကဲဖြတ်ဆန်းစစ်မှုတစ်ရပ် ပါဝင်သည်။

၇.၆.၂. မတူခြားနားသော စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်အဆင့်များနှင့် မတူညီသော ကဏ္ဍအလိုက်ဌာနအဖွဲ့ အစည်းများနှင့် အဓိကအကျိုးသက်ဆိုင်သူ (actors) များအနေဖြင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှုပုံစံများ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များအား မည်သို့လေးစားလိုက်နာရမည်နှင့် သက်ဆိုင်ရာကျင့်ထုံးစနစ်များနှင့် ပတ်သက်၍ လမ်းညွှန်မှုရရှိစေရန်အတွက် အတူပူးပေါင်းဆောင်ရွက်သည့်အုပ်ချုပ်မှုစနစ် (cooperative governance system) တစ်ရပ်တွင် ဆက်လက်ဆောင်ရွက်သွားမည်။ ဤတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ဓလေ့ထုံးတမ်း လူမှုအသိုက်အဝန်းအဆင့်များ၊ ဖက်ဒရယ်အဆင့်များ၊ ပြည်နယ်/တိုင်း ဒေသကြီးအဆင့်များ၊ မြို့နယ်အဆင့်များနှင့် ကျေးရွာအဆင့်များ ပါဝင်သည် (ဌာနေတိုင်းရင်းသားလူမျိုးများ၏ စနစ်များအပေါ် မူတည်ပြီး ပြောင်းလဲမှုရှိမည်)။

A Burma Indigenous Peoples Alliance
ABIPA

၇.၆.၃. ကြားကာလအတွင်း ရပ်ဆိုင်းမှု (moratoriums) များချမှတ်ပြဌာန်းပြီးနောက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ။

၇.၆.၄. ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာခဲ့ရသူများ (ပြည်တွင်းနှင့်ပြည်ပ) ဂုဏ်သိက္ခာရှိစွာနေရပ်ပြန်နိုင်ရေးအတွက် ၎င်းတို့၏ ရပိုင်ခွင့်များအား တရားမျှတစွာ မည်သို့ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားမည်၊ မြေယာပြန်လည်ဝေငှခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးခြင်း၊ ရပိုင်ခွင့် များ ပြန်လည်ရရှိပိုင်ဆိုင်နိုင်အောင် ဆောင်ရွက်ပေးခြင်း စသည့်နည်းလမ်းများအားလုံးကို သတ်မှတ်ဆုံးဖြတ်ဆောင်ရွက်ခြင်း။

၇.၆.၅. မြေယာပဋိပက္ခများဖြစ်လာပါက ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါရပိုင်ခွင့်များကို အသိအမှတ်ပြု သည့်ပုံစံတစ်ခုဖြင့် ကိုင်တွယ်ဖြေရှင်းပေးသည့် တရားမျှတပြီး ပွင့်လင်းမြင်သာရှိသော လုပ်ငန်းစဉ်များ အတွက် နစ်နာမှုနှင့်ပဋိပက္ခဖြေရှင်းရေးယန္တယားများ ပုံဖော်ဖန်တီးခြင်း။

၇.၆.၇. ဖက်ဒရယ်ဖွဲ့စည်းမှုပုံစံအသစ်တစ်ခုတွင် ဘဏ္ဍာငွေကြေးဆိုင်ရာဆက်နွယ်မှုများ (fiscal relationships) ကို ဖွင့်ဆိုသတ်မှတ်ခြင်း။

၇.၇. ဒုက္ခသည်များနှင့် စစ်ဘေးရှောင် များ၏ အခွင့်အရေးများကို တန်ဖိုးထား အသိအမှတ်ပြုနိုင်ရန် ဌာနေတိုင်းရင်းသားလူမျိုးစုများသည် လိုအပ်ပါက ဓလေ့ထုံးတမ်း စီမံခန့်ခွဲမှုစနစ် (စာတမ်းပြုစုခြင်း၊ နယ်နိမိတ်များ၊ ဥပဒေများ စသည်များ) ကို ရေးဆွဲရန် အချိန်အတိုင်းအတာတစ်ရပ်အဖြင့် ပြင်ဆင်မည်။ သို့မှသာ အခြား စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်နယ်မြေများ (jurisdictions) မှ နားလည်သိမြင်နိုင်မည်ဖြစ်သည်။ ဓလေ့ထုံးတမ်း စနစ်အလေ့အထများကို ဆက်လက်ကျင့်သုံးဖော်ဆောင်ခြင်းမရှိတော့သည့် သို့မဟုတ် စစ်ပွဲကြောင့်နှင့်နေရပ် စွန့်ခွာတိမ်းရှောင်ရခြင်းကြောင့် အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း မရှိသည့် နယ်မြေဒေသများတွင် ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများ (မြေယာများကို ယခင်ကပိုင်ဆိုင်ခဲ့သူများနှင့် ပြန်လည်နေရာချထား ခြင်းခံရသည့် ရပ်ရွာလူမှုအသိုက်အဝန်း 'အသစ်' များ အပါအဝင်) သည် ၎င်းတို့၏ထုံးတမ်းစဉ်လာကျင့်ကြံဆောင် ရွက်မှုပုံစံများကို ထဓလေ့ထုံးတမ်း မြေယာဥပဒေများအောက်တွင် ပြန်လည် ကျင့်သုံးဖော်ဆောင်ရန် ဆန္ဒရှိမရှိ ဆုံးဖြတ်ရန်အတွက် အချိန်ကာလအတိုင်းအတာတစ်ရပ် လိုအပ်မည်ဖြစ်သည်။

##########################################################################